# Monkeypox
# (မျောက်ကျောက် ရောဂါ)

# နောက်ခံသမိုင်း

- Monkeypox (မျောက်ကျောက်ရောဂါ) Monkeypox virus infection သည် တိရစ္ဆာန်များမှတစ်ဆင့် သယ်ဆောင်လာသည့် ဗိုင်းရပ်စ်ပိုး Orthopoxvirus က လူသို့ကူးစက်ရာမှတစ်ဆင့် ကူးစက်ရောဂါအသွင်ဖြစ်ပွားသော ရှားပါးကျောက်ရောဂါ တစ်မျိုးဖြစ်သည်။
- Monkeypox (မျောက်ကျောက်ရောဂါ)ကို ၁၉၅၈ခုနှစ်တွင် တစ်နေရာထဲအတူနေ မျောက်အုပ်စုများအကြား ကူးစက်ရောဂါအသွင် ၂ကြိမ်စတင်တွေ့ရှိရပြီး ၎င်းကြောင့် Monkeypox မျောက်ကျောက်ရောဂါဟု စတင်ခေါ်ဝေါ်ခဲ့ကြသည်။

*Ref: Centers for Disease control and prevention*

- ပထမဆုံးလူတွင်ဖြစ်ပွားမှုကို ၁၉၇၀ခုနှစ်တွင် ကွန်ဂိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ(DRC) ၌ တွေ့ရှိခဲ့ပြီး ၎င်းအချိန်က ကျောက်ရောဂါကို ပပျောက်အောင် အပြင်းအထန် ကြိုးစားနေချိန်လဲ ဖြစ်သည်။

- ၎င်းနောက်ပိုင်းတွင် အလယ်အာဖရိကနှင့် အနောက် အာဖရိကနိုင်ငံများဖြစ်သည့် ကင်မရွန်း၊ ဗဟို အာဖရိက၊ ကွန်ဂို၊ ဂါဘွန်၊လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယား၊ ဆီရာလီယွန်နှင့် ကို့ဒီဗိုရို နိုင်ငံများတွင် တွေ့ရှိခဲ့ရသည်။

*Ref: Centers for Disease control and prevention*

# ရောဂါလက္ခဏာများ

- လူတွင်ဖြစ်ပွားတတ်သော မျောက်ကျောက်ရောဂါ လက္ခဏာများမှာ ကျောက်ရောဂါလက္ခဏာနှင့် ဆင်တူသော်လည်း  ပိုမိုပြင်းထန်တတ်သည်။

- ကနဦးအစတွင် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရတတ်သည်။

- ကျောက်ရောဂါ နှင့် မျောက်ကျောက်ရောဂါအဓိကခြားနားချက်မှာ မျောက်ကျောက်ရောဂါတွင် ပြန်ရည်ကြော အကြိတ်များ ယောင်ရမ်းခြင်းဖြစ်သည်။

- မျောက်ကျောက်ရောဂါ၏ ရောဂါပျိုးရက်မှာ ပုံမှန်အားဖြင့် ၇ရက်မှ၁၄ရက်အတွင်း ကြာမြင့်တတ်သော်လည်း တခါတရံ ၅ရက်မှ ၂၁ရက်အထိကြာမြင့်နိုင်ပါသည်။

*Ref: Centers for Disease control and prevention*

- ကနဦးရောဂါလက္ခဏာများအဖြစ် ဖျားခြင်း၊ ခေါင်းကိုက် ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ နောက်ကျော နာကျင်ခြင်း၊ ပြန်ရည်ကြောများယောင်ရမ်းခြင်း၊ ချမ်းစိမ့် စိမ့်ဖြစ်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ကို စတင်ခံစား ရသည်။

- ဖျားပြီး ၁ရက်မှ ၃ရက် *(တခါတရံ ပိုမိုကြာမြင့်နိုင်)* အကြာတွင် ခန္ဓာကိုယ်၌ အဖုအပိန့်များထွက်လာသည်။ မျက်နှာမှစတင်၍ အဖုအပိန့်များ ထွက်လာတတ်ပြီး ၎င်းနောက်တစ်ကိုယ်လုံးသို့ ပြန့်နှံ့သွားသည်။





*Photo Source: internet*

*Ref: Centers for Disease control and prevention*

# ရောဂါကူးစက်ပုံ

- Monkeypox virus သည် ရောဂါပိုးရှိသော တိရစ္ဆာန်၊ ရောဂါပိုးရှိသူ သို့မဟုတ် ဗိုင်းရပ်စ်နှင့် ညစ်ညမ်းသည့်ပစ္စည်းများမှ ဗိုင်းရပ်စ်နှင့် ထိတွေ့မိသောအခါ ကူးစက်နိုင်သည်။

- ဗိုင်းရပ်စ်သည် မိခင်မှ သားအိမ်သို့ အချင်းကို ကူးနိုင်သည်။

- Monkeypox ဗိုင်းရပ်စ်သည် ရောဂါပိုးရှိသော တိရစ္ဆာန်၏ အကိုက်ခံရခြင်း သို့မဟုတ် ခြစ်ရာမှတဆင့်၊ တောရိုင်းတိရစာ္ဆန်များကို ကိုင်တွယ်ခြင်း သို့မဟုတ် ရောဂါပိုးရှိသော တိရစ္ဆာန်များမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို အသုံးပြုခြင်းဖြင့် လူများသို့ ကူးစက်နိုင်သည်။

- ဗိုင်းရပ်စ်သည် ရောဂါပိုးရှိသူ၏ ခန္ဓာကိုယ်မှအရည်များ သို့မဟုတ် အနာစိမ်းများနှင့် တိုက်ရိုက်ထိတွေ့ခြင်း သို့မဟုတ် အဝတ်အစား သို့မဟုတ် ပိတ်စများကဲ့သို့သော ခန္ဓာကိုယ်မှအရည်များ သို့မဟုတ် အနာများနှင့်ထိမိသော ပစ္စည်းများဖြင့်လည်း ကူးစက်နိုင်သည်။

*Ref: Centers for Disease control and prevention*

# ရောဂါကူးစက်ပုံ

- မျောက်ကျောက်ရောဂါသည် အဓိကအားဖြင့် ကူးစက်အနာများ၊ အနာဖေးများ၊ သို့မဟုတ် ခန္ဓာကိုယ်အရည်များနှင့် တိုက်ရိုက်ထိတွေ့ခြင်းအားဖြင့် လူများကြားတွင် ကူးစက်ပျံ့နှံ့သည်။

- တစ်ယောက်နှင့်တစ်ယောက်အချိန်အကြာကြီး မျက်နှာချင်းဆိုင် ထိတွေ့နေခြင်းဖြင့်လည်း အသက်ရှူလမ်းကြောင်းက ထွက်တဲ့အညစ်အကြေးတွေ ကတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ပါသည်။

- လိင်ဆက်ဆံစဉ်အတွင်း အပါအဝင် လူအများကြားတွင် ရင်းနှီးစွာ ထိတွေ့ခြင်း၊ နမ်းခြင်း၊ ပွေ့ဖက်ခြင်း သို့မဟုတ် မျောက်ကျောက်အနာများဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထိခြင်းကဲ့သို့သော ပြုမူလှုပ်ရှားမှုများတစ်ဆင့် မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့နိုင်သည်။

*Ref: Centers for Disease control and prevention*

# မျောက်ကျောက်ရောဂါ ကာကွယ်ရန်နည်းလမ်းများ

- ဗိုင်းရပ်စ်ပိုး ခိုအောင်းနိုင်သည့် တိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ *(ဖျားနာနေသော တိရစ္ဆာန်များ သို့မဟုတ် မျောက်ကျောက်ရောဂါ ဖြစ်ပွားသည့် နေရာများတွင် သေဆုံးနေသည့် တိရစ္ဆာန်များ အပါအဝင်)*။
- ဖျားနာသောတိရစ္ဆာန်နှင့် ထိတွေ့မိသော အိပ်ယာကဲ့သို့သော ပစ္စည်းများနှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိသည့် အခြားလူနာများနှင့် သီးခြားခွဲထားပါ။
- ရောဂါပိုးရှိသော တိရစ္ဆာန် သို့မဟုတ် လူများနှင့် ထိတွေ့ပြီးနောက် စနစ်တကျ ပုံမှန်လက်ဆေးပါ ။ ဥပမာအားဖြင့် သင့်လက်ကို ဆပ်ပြာနှင့် ရေဖြင့် ဆေးပါ သို့မဟုတ် အယ်လ်ကိုဟောပါသော လက်သန့်ဆေးရည်ကို အသုံးပြုပါ။
- လူနာများကို ပြုစုရာတွင် တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်း (PPE) ကို အသုံးပြုပါ။

*Ref: Centers for Disease control and prevention*

# Monkeypox ရောဂါ စောင့်ကြည့်လူနာ (Patient under investigation – PUI) အဖြစ်သတ်မှတ်ခြင်း

Monkeypox ရောဂါ ဒေသတွင်းကူးစက်မှုရှိသည်ဟု သတင်းပေးပို့ထားသော နိုင်ငံများသို့ လွန်ခဲ့သည့် (၂၁)ရက်အတွင်း ခရီးသွားရောက်ခဲ့သူ (သို့မဟုတ်) ၎င်းနိုင်ငံများမှ ဝင်ရောက်လာသူ

**<u>စောင့်ကြည့်ရမည့် လက္ခဏာများ</u>**

- အပူချိန် ၃၈ဒီဂရီစင်တီဂရိတ်နှင့်အထက်ရှိခြင်း
- လည်ချောင်းနာခြင်း
- ခေါင်းကိုက်ခြင်း
- ကြွက်သားများနာကျင်ကိုက်ခဲခြင်း
- နောက်ကျောနာကျင်ခြင်း
- ပြန်ရည်ကျောများရောင်ရမ်းခြင်း
- အရေပြားအဖုအပိန့်များထွက်ခြင်း

*Ref: The Ministry of Public Health ( Thailand )*

- ၂၀၂၂ခုနှစ် မေလ ၂၄ရက်နေ့အထိ  ဒေသတွင်း Monkeypox မျောက်ကျောက်ရောဂါ ဖြစ်ပွားသည်ဟု သတင်းပေးပို့ထားသော နိုင်ငံများမှာ Central Africa, West Africa, United Kingdom, Spain,Portugal တို့ ဖြစ်ကြသည်။

- ဖော်ပြပါနိုင်ငံစာရင်းသည် လက်ရှိအနေအထားအပေါ်တွင် မူတည်၍ အပြောင်းအလဲရှိနိုင်ပါသည်။

(*For more detail information: https://www.who.int/emergencies/disease-outbreak-news/item/2022-DON385#:~:text=Monkeypox%20endemic%20countries%20are%3A%20Benin,Sierra%20Leone%2C%20and%20South%20Sudan.)*